“ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ) ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ကနဦးမှတ်ပုံတင်လုပ်ငန်း ငွေခန်းပိတ်ခြင်းနှင့်ပတ်သက်၍ ပြည်သူလူထုသို့ အသိပေးကြေငြာချက်”

ပြည်သူလူထုသို့ အောက်ပါအတိုင်း အသိပေးကြေငြာအပ်ပါသည် -

(က) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကနဦးမှတ်ပုံတင်လုပ်ငန်းငွေခန်းများအား အောက်ပါနေရာများတွင် ဖွင့်လှစ်၍ PO ဖြင့်လည်းကောင်း၊ ဘဏ်ငွေသွင်းချလံဖြင့်လည်းကောင်း၊ ငွေသားဖြင့်လည်းကောင်း လက်ခံဆောင်ရွက်လျှက်ရှိပါသည် -

(၁) ရုံးချုပ်(နေပြည်တော်)။

(၂) ရုံးချုပ်(ကနဦးမှတ်ပုံတင်ဌာနခွဲ)ထောက်ကြန့်။

(၃) ရုံးချုပ်(ကနဦးမှတ်ပုံတင်ဌာနခွဲ)ရွာသာကြီး။

(၄) ရုံးချုပ်(ကနဦးမှတ်ပုံတင်ဌာနခွဲ)မန္တလေး။

(ခ) ၂၀၁၈ ခုနှစ်(ဧပြီလမှ စက်တင်ဘာလထိ) ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့် စက်တင်ဘာလတွင် နှစ်ချုပ်စာရင်းလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ဘဏ်စာရင်းနှင့်ဌာနစာရင်း ကိုက်ညီမှုရှိစေရေးအတွက် ကနဦးမှတ်ပုံတင်ခြင်းဆိုင်ရာ မှတ်ပုံတင်အခ ငွေများကို PO နှင့် ဘဏ်ငွေသွင်းချလံဖြင့် လက်ခံဆောင်ရွက်ခြင်းအား ၂၅. ၉. ၂၀၁၈ ရက်အထိသာ ငွေခန်းဖွင့်လှစ်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး ၂၆. ၉. ၂၀၁၈ မှ ၃၀. ၉. ၂၀၁၈ ရက်အထိ ငွေခန်းပိတ်မည်ဖြစ်ပါသည်။

(ဂ) အဆိုပါ ၂၆. ၉. ၂၀၁၈ မှ ၃၀. ၉. ၂၀၁၈ ရက်အထိ ကာလအား ကနဦးမှတ်ပုံတင်ခွင့်ပြုကာလ (၂၁)ရက်နှင့် (၇)ရက် တို့တွင် ထည့်သွင်းရေတွက်မည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

(ဃ) ၂၈. ၉. ၂၀၁၈ ရက်နေ့တွင် မူသေနံပါတ်ဝယ်ယူခြင်း၊ ဖောင်းကြွဝယ်ယူခြင်းတို့နှင့်စပ်လျဉ်း၍ ငွေသားဖြင့်ငွေလက်ခံခြင်းကို နံနက်ပိုင်း (၁၂:၀၀) နာရီအထိ ငွေလက်ခံပေးမည်ဖြစ်ပါသည်။

(င) ၁. ၁၀. ၂၀၁၈ ရက်နေ့သည် ဘဏ်ပိတ်ရက်ဖြစ်သော်လည်း ပြည်သူလူထု လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေစေ ရန်အတွက် ၁. ၁၀. ၂၀၁၈ ရက်နေ့တွင် ငွေခန်းဖွင့်လှစ်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန